


အစီအစဉ် (၃၅)

# COVID-19 ကပ်ရောဂါနှင့် အဂတိလိုက်စားမှုအန္တရာယ် တားဆီးကာကွယ်ရေး

တင်ပြသူ
ဦးမျိုးလွင်ဦး

- အဂတိလိုက်စားမှု ဆိုသည်မှာ “ပုဂ္ဂလိက အကျိုးစီးပွား အလို့ငှာ အများပြည်သူဆိုင်ရာ ရုံးဌာနတစ်ခုကို အလွဲသုံးစားပြုခြင်း” ဟု ကမ္ဘာ့ဘဏ် မှ လည်းကောင်း၊ “ပုဂ္ဂလိက အကျိုးအမြတ်အလို့ငှာ ယုံကြည်အပ်နှံထားသော ပါဝါကို အလွဲသုံးစား ပြုခြင်း” ဟု အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့က လည်းကောင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။










- အဂတိလိုက်စားမှု ဖြစ်ပေါ်ရန် စိတ်၏စေ့ဆော်မှုနှင့် အဂတိလိုက်စားနိုင်သည့် အခွင့်အရေးရှိရန် လိုအပ်ပါသည်။ ၎င်းနှစ်ချက်နှင့် ပြည့်စုံပြီး စောင့်ကြည့်ထိန်းကျောင်းမည့် အဖွဲ့အစည်း တစ်ရပ်မရှိလျှင် အဂတိလိုက်စားမှု မြင့်မားလာနိုင်ပြီး စောင့်ကြည့်မည့် အဖွဲ့အစည်း (ဥပမာ – ACC, CPU ,NGO, CSOs, Media )များရှိပါက အဂတိလိုက်စားမှု လျော့ကျလာနိုင်ပါသည်။

- လူ့အဖွဲ့အစည်းတစ်ရပ်တွင် ဖြောင့်မတ်တည်ကြည်သော ယဉ်ကျေးမှု ထွန်းကားလာရေးနှင့် အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ပြုစုပျိုးထောင်ရေးတို့အတွက် ဆောင်ရွက်ရမည့်အချက်များ -

(က) အဂတိလိုက်စားနိုင်သော အခွင့်အလမ်း နှင့် အပြုအမူများ လျှော့ချနိုင်သည့် စနစ်တစ်ရပ် အခြေတကျ တည်ရှိပြီး ဖြစ်စေရန်၊

(ခ) လူမှုပတ်ဝန်းကျင်တစ်ရပ်လုံးတွင် အဂတိလိုက်စားမှုကို လက်မခံသော ယဉ်ကျေး မှု တစ်ရပ်ဖြစ်ထွန်းလာအောင် ပြုပြင်ပြောင်းလဲရန်၊

(ဂ) မိမိတို့လုပ်ဆောင်မှုတိုင်းအတွက် တာဝန်ယူမှုရှိအောင် ပြုစုပျိုးထောင်နိုင်ရေးအတွက် အများပြည်သူအသိပညာပေး လုပ်ငန်းများအား တစိုက်မတ်မတ်ဆောင်ရွက်ရန်

- အဂတိလိုက်စားမှုများမဖြစ်ပေါ်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်း အသီးသီးမှ ဆောင်ရွက်သင့်သည့်အချက်များ-

(က) မိမိအလုပ်ဌာန၏ အဂတိကင်းသော စွမ်းဆောင်မှုကို အစဉ်အမြဲစောင့်ကြည့်တိုင်းတာနေပြီး တိုးတက်မှုရှိစေရန် တာဝန်ယူဆောင်ရွက်ခြင်း

(ခ) ပြည်သူလူထု၊ စီးပွားရေးလုပ်ငန်းများ၊ သတင်းမီဒီယာများနှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ အသံများကို နားထောင်ခြင်း

(ဂ) ပြင်ပအေဂျင်စီများကိုဖိတ်ခေါ်ပြီး မိမိတို့အလုပ်ဌာန၏ စွမ်းဆောင်မှုအပေါ် စစ်ဆေးပေးရန် စောင့်ကြည့်မှတ်သားပေးရန်နှင့် အကဲဖြတ်ပေးရန် မေတ္တာရပ်ခံခြင်း

(ဃ) အဂတိလိုက်စားမှုသည် တွက်ချက်၍ ကျူးလွန်သည့်ပြစ်မှု (Crime of Calculation) ဖြစ်သည် ကို အခိုင်အမာလက်ခံယုံကြည်ပြီး လက်ရှိအခြေအနေကို လုံးဝပြောင်းလဲသွားနိုင်ရန် အင်စတီကျူးရှင်း ခေါင်းဆောင်များ ကိုယ်တိုင်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်ခြင်း

ယခုကြုံတွေ့နေရသည့် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ COVID-19 အား ထိရောက်စွာ တုန့်ပြန်ရင်ဆိုင်ရန်အတွက် ဖြောင့်မတ်တည်ကြည်မှုသည် အဓိကသော့ချက်ဖြစ်ပါသည်။ COVID-19 အကြပ်အတည်းသည် ဖြောင့်မတ်တည်ကြည်မှု ချိုးဖောက်ရန် အခွင့်အလမ်းများ ဖန်တီးပေးပြီး အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှုတို့ကို ပိုမိုများပြားစေပါသည်။ ဌာနများနှင့် အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ လူမှုစီးပွား တိုးတက်ကောင်းမွန်ရန် ဖန်တီးပေးမှုများတွင်လည်း အဂတိလိုက်စားမှုနှင့် လိမ်လည်ခြင်း တို့ကို ပိုမိုဖြစ်ပေါ်စေနိုင်ပါသည်။








- ဝယ်ယူရေးလုပ်ငန်းများ၊ ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ၊ စားနပ်ရိက္ခာ ထောက်ပံ့ရေး အစီအစဉ်များတွင် မမျှတမှု၊ မညီမျှမှုများ နှင့် ဝယ်ယူရေး လုပ်ထုံးလုပ်နည်းများကို ထိန်းကျောင်းစစ်ဆေးမှု မရှိပါက ပစ္စည်းဝယ်ယူမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အရည်အသွေးနိမ့်ကျမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။

• COVID-19 ကာလအတွင်း အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေး အတွက် လုပ်ထုံး၊ လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်တို့တွင် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေ ရှိ/မရှိ ၊ ပျော့ကွက်၊ ဟာကွက် ရှိ/မရှိ ကို ဆန်းစစ်အကဲဖြတ်ခြင်း Corruption Risk Assessment –CRA ပြုလုပ်၍ အဆိုပါ ပျော့ကွက်၊ ဟာကွက်များကို စနစ်တကျ ပိတ်ဆို့ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရမည် ဖြစ်ပါသည်။






- COVID-19 ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများအား အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးနိုင်ရန် ဝယ်ယူဖြန့်ဖြူးမှုလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ရာတွင် ပစ္စည်းများမှန်ကန်မှုရှိစေရေး၊ ကာလပေါက်ဈေးထက်ပိုမိုခြင်းမရှိစေရေး၊ ပစ္စည်းများဆုံးရှုံးလေ့လွင့်မှုမရှိစေရေးတို့ အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ၂၆-၃-၂၀၂၀ ရက်နေ့တွင် COVID-19 အတွက် ဆေးရုံများ၏ ပြင်ဆင်ထားရှိမှု သုံးသပ်ရေးနှင့် လိုအပ်သည်များ ဖြည့်ဆည်းဝယ်ယူရေးဆိုင်ရာကော်မတီ (Ad hoc Committee)ကို ဖွဲ့စည်းပြီး ဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် ကိုရိုနာဗိုင်းရပ်စ် (သို့) ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ပြန့်ပွားလာခြင်းကို တားဆီးကာကွယ် ထိန်းချုပ်ရေး ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာနိုင်သည့် ကျန်းမာရေးစနစ်များအတွင်း အဂတိလိုက်စားမှုများနှင့် အဂတိလိုက်စားရန် အခွင့်အလမ်းများကို တားဆီးကာကွယ်နိုင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကြီးကြပ်မှုကော်မတီ၊ တင်ဒါကော်မတီအဖွဲ့များ ဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်လျှက်ရှိကြောင်း သိရှိရပါသည်။



- သို့ဖြစ်ရာ ကိုရိုနာဗိုင်းရပ်စ် ရောဂါအန္တရာယ် တုန့်ပြန်ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းများကို ကျော်လွှားနိုင်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် “အဂတိပယ်ခွာ ပြည်သာယာ” ဟူသော ကော်မရှင်၏ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှုများကို တွန်းလှန်ပယ်ခွာနိုင်ရေးအတွက် အစိုးရအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ နှင့် ပြည်သူလူထုတစ်ရပ်လုံးမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုတိုက်တွန်းအပ်ပါသည်။